## (၆) ပင်စည်ကွဲအက် အစေးထွက်ရောဂါ (**Gummy stem blight of cucurbits)**

**ရောဂါဖြစ်စေသောသက်ရှိ -** *Didymella bryoniae (*Auersw.) Rehm, *Phoma cucurbitacearum* (Fr. ex

Fr.) Sacc.

**ရောဂါလက္ခဏာ**

ရွက်အနားစွန်းနှင့်အရွက်ပေါ်တွင် အညိုရောင်(သို့) သံချေးရောင် ရောဂါကွက် များ စတင်ဖြစ်ပေါ် ပြီး အကွက်ပေါ်တွင် သေးငယ်သော အမဲရောင်မှုံအလုံး လေးများ ကိုတွေ့ရသည်။ ပင်စည်တွင် ရောဂါကျရောက်ပါက ညိုမဲရောင် ရောဂါကွက် စတင်ဖြစ်ပေါ် ပြီး ၎င်းရောဂါကွက်သည် ပင်စည်ကိုတစ်ပတ်လည် ပတ်မိပြီး အပင်ကို ညှိုးစေကာ ယိုင်လဲ သွားစေသည်။ ရောဂါကွက်မှ သံချေးရောင် အစေးရည်များထွက်နေသည်ကိုတွေ့နိုင်သည်။






ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကို ရွေးချယ်စိုက်ပါ။
- ရောဂါရ အပင်အကြွင်းအကျန်များအား မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ပါ။
- ရောဂါစတင်တွေ့လျှင်တွေ့ခြင်း အောက်ပါဆေးများအားအသုံးပြု ပက်ဖျန်း ပါ။
- Chlorothalonil (ကလိုရိုသာလိုနေးလ်)

- Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)
- Tebuconazole (တက်ဗျူကိုနာဇိုး)
- Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)